# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် ၂ /၂၀၂၃**

**၁၃၈၅ ခုနှစ် တော်သလင်းလဆန်း ၈ ရက်**

**(၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၂ ရက်)**

## တိရစ္ဆာန် ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (တ) နှင့် ပုဒ်မ ၅၅ ပုဒ်မခွဲ (ခ)တို့ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းလိုက်သည်-

(က) **ပြည်ထောင်စုအဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှု လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (၁၃) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | တွဲဖက်<br>အတွင်းရေးမှူး(၁) |
| (၁၅) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်<br>အတွင်းရေးမှူး(၂) |

(ခ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန် နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ဝန်ကြီး ၁ ဦး သို့မဟုတ် နေပြည်တော်ကောင်စီက တာဝန်ပေးအပ်သည့် အဖွဲ့ဝင် ၁ ဦး | ဥက္ကဋ္ဌ |

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ရဲတပ်ဖွဲ့မှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဦးစီးဌာနမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဦးစီးဌာနမှူး
စိုက်ပျိုးရေးဦးစီးဌာန

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
ပြည်ထောင်စုနယ်မြေ(နေပြည်တော်)ဦးစီးဌာနမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဦးစီးဌာနမှူး
သစ်တောဦးစီးဌာန

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဦးစီးဌာနမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၉) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် အဖွဲ့ဝင်
ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဦးစီးဌာနမှူး
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဦးစီးဌာနမှူး လမ်းဦးစီးဌာန — အဖွဲ့ဝင်

(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)ညွှန်ကြားရေးမှူး စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၁၂) ဥက္ကဋ္ဌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် — အဖွဲ့ဝင်

(၁၃) ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် မွေးမြူထုတ်လုပ်ခြင်း ဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်ကိုယ်စားလှယ် (၄)ဦး — အဖွဲ့ဝင်

(၁၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဦးစီးဌာနမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အတွင်းရေးမှူး

(၁၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — တွဲဖက် အတွင်းရေးမှူး

(ဂ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှု လုပ်ငန်းကော်မတီ**

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ — ဒုတိယဥက္ကဋ္ဌ

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(၅) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်

(၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး လမ်းဦးစီးဌာန — အဖွဲ့ဝင်

(၇) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဦးစီးဌာနမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အတွင်းရေးမှူး

(ဃ) **မြို့နယ်အဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန် နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းကော်မတီ**

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) မြို့နယ်ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ — ဒုတိယဥက္ကဋ္ဌ

(၃) မြို့နယ်ဦးစီးဌာနမှူး စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၄) မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

(၅) မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
လမ်းဦးစီးဌာန

(၆) မြို့နယ်အမှုဆောင်အရာရှိ အဖွဲ့ဝင်
စည်ပင်သာယာရေးကော်မတီ

(၇) မြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

**(င) တိရစ္ဆာန်ရောဂါကင်းရှင်းဇုန် နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ အကြံပေးလုပ်ငန်းကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဥက္ကဋ္ဌ
သုတေသနနှင့် ကျန်းမာရေး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၃) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စီမံရေးရာဌာနခွဲ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၄) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
တိရစ္ဆာန်မွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၅) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မွေးမြူရေးသုတေသနဦးစီးဌာန

(၆) ပါမောက္ခ အဖွဲ့ဝင်
ရောဂါပျံ့နှံ့မှုဗေဒ
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

(၇) မြန်မာနိုင်ငံတိုင်းရင်းဆေးပညာကောင်စီမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၈) မြန်မာနိုင်ငံတိုင်းရင်းဆေးကုဆရာဝန်များအသင်းမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၉) မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဦးစီးဌာနမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၁) ညွှန်ကြားရေးမှူး ပြည်သူ့ကျန်းမာရေးဌာနခွဲ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အတွင်းရေးမှူး

(၁၂) ညွှန်ကြားရေးမှူး တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးနှင့်ဆေးဝါးထုတ်လုပ်ရေးဌာနခွဲ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — တွဲဖက် အတွင်းရေးမှူး

၂။ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုအဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) လုပ်ငန်းကော်မတီအဆင့်ဆင့်မှ တင်ပြလာမှုများအား ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(၂) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တည်ထောင်ပြီးသည့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်များနှင့်စပ်လျဉ်း၍ ဆက်လက်တည်ရှိခြင်း၊ နယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်းစသည့် ဇုန်ဆိုင်ရာ အခြေအနေများအား သတ်မှတ်ထုတ်ပြန်ကြေညာခြင်းနှင့် ခေတ်ကာလနှင့် လျော်ညီသည့် ထုတ်ပြန်ချက်များအား ပြင်ဆင်ထုတ်ပြန်ခြင်း၊

(၃) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၄) တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်နှင့်စပ်လျဉ်း၍ တင်ပြရမည့်ကိစ္စရပ်များ ပေါ်ပေါက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(၅) တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ အကြံပေးလုပ်ငန်းကော်မတီမှ အခါအားလျော်စွာ တင်ပြလာသည့် နည်းပညာဆိုင်ရာလုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ အဆင့်ဆင့်အကြံပြု ဆောင်ရွက်စေခြင်း။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန် နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ လုပ်ငန်းများစနစ်တကျ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊

(၂) တိရစ္ဆာန် ရောဂါကင်းရှင်းဇုန် နှင့် ရောဂါထိန်းချုပ်ဇုန်များ ဆက်လက်တည်တံ့နိုင်ရေးအတွက် လိုအပ်သော အစီအမံများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၃) လုပ်ငန်းဆောင်ရွက်ရာတွင် တိရစ္ဆာန်ကျန်းမာရေး နှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီက ချမှတ်ထားသည့် အမျိုးသားအဆင့် တိရစ္ဆာန်ရောဂါထိန်းချုပ်ဇုန်နှင့် ရောဂါကင်းရှင်းဇုန်ဆိုင်ရာ စီမံချက်၊ မူဝါဒများနှင့်အညီ ဆောင်ရွက်ခြင်း၊

(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်နှင့် မြို့နယ်အဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းကော်မတီများအား ကြီးကြပ်ခြင်းနှင့် လိုအပ်ချက်များဖြည့်ဆည်းပေးခြင်း၊

(၅) နည်းပညာဆိုင်ရာ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ တာဝန်ယူဖော်ဆောင်သည့် ဦးစီးဌာနအား လိုအပ်သည်များ ကူညီဆောင်ရွက်ခြင်း၊

(၆) ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များအား အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(၇) တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ကူညီပေးခြင်း၊

(၈) စစ်ဆေးရေးစခန်း (Check points) များဖွင့်လှစ်နိုင်ရန် ကူညီပေးခြင်း၊

(၉) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်နှင့် မြို့နယ်အဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာကြီးကြပ်မှု လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ပြည်ထောင်စုအဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းကော်မတီသို့ တင်ပြခြင်း။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှု လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) မြို့နယ်အဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှု လုပ်ငန်းကော်မတီ၏ လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(၂) တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခြင်း၊

(၃) စစ်ဆေးရေးစခန်း (Check points) များဖွင့်လှစ်နိုင်ရန် ကူညီပေးခြင်း၊

(၄) မိမိ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ဃ) မြို့နယ်အဆင့် တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှု လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) တိရစ္ဆာန်ရောဂါကင်းရှင်းဇုန် နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ လုပ်ငန်းများ စနစ်တကျဆောင်ရွက်ခြင်း၊

(၂) မွေးမြူသူများ၊ ကုန်သည်များ၊ သားသတ်လုပ်ငန်း လုပ်ကိုင်သူများစသည့် ကုန်သွယ်မှုလုပ်ငန်းနှင့် ဆက်စပ်သူများအား တိရစ္ဆာန်ရောဂါကင်းရှင်းဇုန် နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ စည်းကမ်းများကို နားလည်စေရန် ပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊

(၃) တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများအား အများပြည်သူ သိရှိလိုက်နာစေရန် ကူညီ ဆောင်ရွက်ပေးခြင်း၊

(၄) စစ်ဆေးရေးစခန်း (Check points)များတွင် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကူညီပေးခြင်း၊

(၅) တိရစ္ဆာန် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက် နိုင်ရန် ကူညီပေးခြင်း၊

(၆) မိမိ၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အဆင့် တိရစ္ဆာန်ရောဂါ ကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ ကြီးကြပ်မှုလုပ်ငန်းကော်မတီသို့ တင်ပြခြင်း။

(င) တိရစ္ဆာန်ရောဂါကင်းရှင်းဇုန်နှင့်ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာအကြံပေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) ခွာနာလျှာနာရောဂါထိန်းချုပ်မှုဆိုင်ရာမူဝါဒ(Policies)၊ လမ်းညွှန်ချက်များ (Guidelines) ချမှတ်ရာတွင် လိုအပ်သော အကြံဉာဏ်များပေးခြင်း၊

(၂) တိရစ္ဆာန်ရောဂါကင်းရှင်းဇုန် နှင့် ရောဂါထိန်းချုပ်ဇုန်ဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အကြံဉာဏ်များပေးခြင်း၊

(၃) ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသည့် လမ်းညွှန်ချက်များ (WOAH Guidelines)နှင့်အညီ တိရစ္ဆာန်ရောဂါ ထိန်းချုပ်ရေးနှင့် ရောဂါကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အကြံဉာဏ်များပေးခြင်း။

၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီသည် ဤအမိန့်ကြော်ငြာစာအရ ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီများကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ပုံ

မင်းနောင်

ဥက္ကဋ္ဌ

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း

ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

စာအမှတ်၊ AHLD ဗဟိုကော်မတီ/ DFZ,DCZ/ဥပဒေ( ၁၀၉ /၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများ (အားလုံး)

တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးများအားလုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လုပ်ငန်းကော်မတီအဖွဲ့ဝင်များ (အားလုံး)

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

ဒေါက်တာရဲထွန်းဝင်း

အတွင်းရေးမှူး

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း

ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ